EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ

အတွဲ(၂)၊ အမှတ်-၁၇ | လစဉ်သတင်းလွှာ | အောက်တိုဘာ ၁၄ ရက်၊ ၂၀၂၀

# မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှု (၃) နှစ်တာ သုတေသန ပထမအဆင့်နှင့် ဒုတိယအဆင့် တွေ့ရှိချက်အချို့

**စက်တင်ဘာ ၁၇၊ ၂၀၂၀**

မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုနှင့်ပတ်သက်၍ (၃)နှစ်တာ သုတေသန တစ်ခုကို ပညာအလင်းပွင့်မြန်မာသုတေသန ဖောင်ဒေးရှင်း (EMReF) က လုပ်ဆောင် နေသည်။ ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး သုတေသနစင်တာ (IDRC) ၏ ရန်ပုံငွေဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ခု နှစ်ထိ လုပ်ဆောင်မည့် ယင်းသုတေသနတွင် အပိုင်း (၃) ပိုင်း ပါဝင်သည်။ အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ နိုင်ငံရေးပါတီတာဝန်ရှိသူများ၊ လွှတ်တော် ကိုယ်စားလှယ်များကို လေ့လာသည့်အပိုင်း၊ ရပ်ရွာလူထုအမြင်ကို လေ့လာသည့်အပိုင်းနှင့် ဒေသဆိုင်ရာ နှိုင်းယှဉ်မှုလေ့လာချက် (regional competitive study)အနေနှင့် မလေးရှားနှင့်အင်ဒိုနီးရှား နိုင်ငံတို့၏အခြေအနေများကို လေ့လာသည့်အပိုင်းတို့ ဖြစ်သည်။

၎င်း (၃) နှစ်တာ သုတေသနစီမံကိန်းမှ ဧပြီလတွင် ထွက်ရှိထားသည့် ပထမအဆင့်သုတေသနတွေ့ရှိချက်နှင့် အောက်တိုဘာလတွင်ထွက်ရှိမည့် ဒုတိယအဆင့်သုတေသန တွေ့ရှိချက်အချို့ကို သုတေသနကို ဦးဆောင်လေ့လာနေသည့် ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) မှ အကြီးတန်းပရိုဂရမ် မန်နေဂျာ (Gender and Livelihood) ဒေါ်အေးလဲ့ထွန်းက စက်တင်ဘာလ (၁) ရက်နေ့ကပြုလုပ်ခဲ့သည့် "Election and Participation" Webinar တွင် ဆွေးနွေး ခဲ့သည်။ ယင်းမှ အချို့ကို ကောက်နုတ်ဖော်ပြပါသည်။

စာမျက်နှာ ၂ သို့




## နိုင်ငံရေးပါတီအပိုင်း တွေ့ရှိချက်

ကျွန်မတို့က ပထမအဆင့် နိုင်ငံရေးပါတီတွေနဲ့ပတ်သက်ပြီး လေ့လာတဲ့အခါ ပါတီတွေမှာရှိတဲ့ ရွေးကောက်ခံကိုယ်စားလှယ်တွေကိုဘယ်လိုရွေးကောက်တင်မြှောက်ကြလဲဆိုတာကို မေးမြန်းတဲ့အခါ တစ်ယောက်ချင်းရဲ့ နိုင်ငံရေးနောက်ခံတွေ၊ အတွေ့အကြုံတွေ၊ စိတ်အားထက်သန်မှုတွေကိုလည်း မေးခဲ့ပါတယ်။ နိုင်ငံရေးနောက်ခံကို မေးလိုက်တဲ့အခါမှာ အဓိကတွေ့ရှိတာကတော့ မိသားစုကလည်း နိုင်ငံရေးအစဉ်အလာရှိတယ်၊ အဲဒီလို နိုင်ငံရေးမျိုးဆက်ရှိတဲ့သူတွေ နေရာရကြတာကို တွေ့ရပါတယ်။ အထူးသဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွေကို မေးတဲ့အခါ ကျွန်မတို့တွေ့ခဲ့တဲ့ထဲမှာ အမျိုးသမီး (၂)ဦးပါတယ်။ ကျန်တာ အမျိုးသားတွေပေ့ါနော်။ အဲဒီအမျိုးသမီး (၂) ဦး အပါအဝင် အမျိုးသားတွေထဲက (၆၀) ရာခိုင်နှုန်းလောက်က နောက်ခံနိုင်ငံရေးမိသားစုကနေ ဆက်စပ်နေတဲ့သူတွေရှိပါတယ်။ အဲဒီလိုပဲ နိုင်ငံရေးမိသားစုကမဆက်စပ်ဘူးဆိုရင် ရပ်ရွာဒေသမှာ ဩဇာအာဏာရှိတဲ့သူတွေ၊ ပညာအရည်အချင်းအားဖြင့် မြင့်မားသူတွေ၊ ရပ်ရွာမှာ နာမည်တစ်ခုခုရှိထားပြီးသားသူတွေနဲ့ တခြားသောရပ်ရေးရွာရေးဆောင်ရွက်ချက်ရှိထားသူတွေ ပါဝင်တာတွေ့ရပါတယ်။ ပညာရေးနောက်ခံဆိုတဲ့ အခြေအနေမှာတော့ အမျိုးသမီးနဲ့အမျိုးသား ယှဉ်ကြည့်လိုက်ရင် ဘွဲ့ရနှုန်းကတော့ အတူတူပဲ။ ဒါပေမယ့် ဘွဲ့လွန်အခြေအနေကိုယှဉ်ကြည့်လိုက်မယ်ဆိုရင်တော့ အမျိုးသမီးတွေက အမျိုးသားတွေထက် ပိုပြီးများပါတယ်။ ဆိုလိုတာကဘာလဲဆိုတော့ အမျိုးသမီးတွေကိုကျတော့ ပညာအရည်အချင်းပိုင်းမှာ ပိုပြီးစဉ်းစားခံရတယ်။ ပညာအရည်အချင်းပိုများတဲ့အခါမှာ သူတို့အပေါ်မှာ နှစ်လိုမှုပိုများပြီးတော့ ရွေးချယ်ခံရဖို့ပိုများတယ်ဆိုတဲ့ပုံစံမျိုးတွေ့ရပါတယ်။ အဲဒီလိုပဲ motivation လို့ပြောတဲ့အခါမှာတော့ သူတို့တွေက ရပ်ရေးရွာရေးကို ဆောင်ရွက်ဖို့ အခြေခံဥပဒေပြောင်းလဲဖို့၊ ငြိမ်းချမ်းဖို့စသဖြင့်တော့ ဖြေကြတာရှိပါတယ်။ သူတို့ရဲ့စံထားရတဲ့ ပုဂ္ဂိုလ်ကိုရွေးခိုင်းတဲ့အခါ အမျိုးသမီးရော အမျိုးသားရော တော်တော်များများရဲ့ စံထားရတဲ့ ပုဂ္ဂိုလ်ဟာ အမျိုးသားတွေပဲဖြစ်ကြတာ များပါတယ်။ ပါတီတွေရဲ့ Gatekeeper ပိုင်း ရွေးချယ်မှုကိုကြည့်မယ်ဆိုရင်တော့ ပါတီမှာရှိတဲ့ ဗဟိုအလုပ်အမှုဆောင်(CEC) တွေကို ရွေးချယ်တဲ့အခါမှာ အင်မတန်မှ အမျိုးသမီးတွေ နည်းပါးပါတယ်။ တချို့ပါတီလေးတွေကတော့ ၂၀ ရာခိုင်နှုန်းအထက်ကို တွေ့ရတယ်။ ပါတီတော်တော်များများကတော့

စာမျက်နှာ ၃ သို့

ဤသတင်းလွှာကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများ အဖြေရှာရန်အတွက် အဖွဲ့အစည်းများနှင့် သုတေသီများအတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)နှင့် Global Affairs Canada တို့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခုသတင်းစာတွင် ပါဝင်သော အကြောင်းအရာများကို မည်သည့်အဖွဲ့အစည်းမဆို လွတ်လပ်စွာမျှဝေနိုင်သည်။
သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။



၂၀ ရာခိုင်နှုန်းအောက်ပဲပါတာ တွေ့ရတယ်။

ကိုယ်စားလှယ်လောင်းရွေးချယ်တဲ့အခါမှာတော့ အမျိုးသမီးနဲ့ပတ်သက်ရင် သူတို့မှာ ထူးထူးခြားခြားမူဝါဒ မရှိဘူး။ ကျား ဖြစ်ဖြစ်၊ မ ဖြစ်ဖြစ် အရည်အချင်းရှိရင်ဝင်နိုင်တယ်၊ အားလုံးကို တန်းတူညီမျှပေးထားတယ်ဆိုတဲ့ စကားမျိုးတော့ ကြားရပါတယ်။ ဒါပေမယ့် အမျိုးသမီးတွေအတွက် ဘယ်လိုမျိုးပုံစံနဲ့ မြှင့်တင်မလဲဆိုတာတော့ ကျွန်မတို့ကြားရတာ နည်းပါးပါတယ်။ ဒီလိုဖွင့်ပေးထားခြင်းအားဖြင့် တန်းတူညီမျှရှိပြီဆိုပြီးပဲ များသောအားဖြင့် ယူဆကြတာများပါတယ်။

နောက်တစ်ခုကဗဟိုအလုပ်အမှုဆောင်ကော်မတီအနေနဲ့ရော လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ရော ဖြတ်သန်းရတဲ့ အတွေ့အကြုံ၊ ကမ်ပိန်းကာလနဲ့ လွှတ်တော်ထဲမှာ ကြုံတွေ့ရတဲ့ အတွေ့အကြုံတွေကို မေးတဲ့အခါ အများစုကတော့ အမျိုးသမီးက ပိုခက်ခဲတာပေါ့နော်၊ ဘာလို့လဲဆိုတော့ သူတို့မှာ မိသားစုတာဝန်နဲ့ နိုင်ငံ့တာဝန်ဆိုတဲ့နှစ်ခုကြားမှာ ချိန်ခွင်ညီမျှအောင် ဆောင်ရွက်နေရတဲ့အတွက် သူတို့မှာ ခက်ခဲတဲ့အပိုင်းတွေရှိပါတယ်။ ခရီးသွားလာမှုမှာလည်း အထူးသဖြင့် ကမ်ပိန်းကာလတွေမှာ အမျိုးသမီးဆိုရင် တချို့နယ်တွေက ခရီးလမ်းအရ၊ လုံခြုံရေးအရသွားဖို့ အန္တရာယ်များတာမျိုးရှိတယ်။ ဒါမျိုးတွေမှာ အမျိုးသမီးတွေက risk ယူရတယ်။ အမျိုးသမီးတွေ ခက်ခဲကြမ်းတမ်းတဲ့ တချို့ဒေသတွေမှာသွားပြီး မဲဆွယ်စည်းရုံးတဲ့အခါမှာလည်း လုံခြုံရေးမပြည့်ဝတဲ့အပြင် သူတို့မှာ အိမ်သာမရှိတာ၊ ရေသန့်မရှိတာ ဒါမျိုးအခက်အခဲတွေလည်း ရှိပါတယ်။ နောက်တစ်ခုက ငွေကြေးအခက်အခဲပေါ့။ အမျိုးသမီးဖြစ်ဖြစ် အမျိုးသားဖြစ်ဖြစ် ခံရတဲ့ harassment ကတော့ ပညာအရည်အချင်းကို ခွဲခြားတာရှိတယ်။ လူမျိုးဘာသာပေါ်မှာ ခွဲခြားပြီး နှောင့်ယှက်စော်ကားတာတွေ ကြုံရတယ်။ အမျိုးသမီးကျတော့ အထူးသဖြင့် ပိုဖြစ်တာက ကမ်ပိန်းကာလမှာ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု (sexual harassment) ပေါ့။ ဖေ့စ်ဘွတ်ပေါ်တွေကရော နှောင့်ယှက်တာ ကြုံရပါတယ်။

" ............................

ခရီးသွားလာမှုမှာလည်း အထူးသဖြင့် ကမ်ပိန်းကာလတွေမှာ အမျိုးသမီးဆိုရင် တချို့နယ်တွေက ခရီးလမ်းအရ၊ လုံခြုံရေးအရ သွားဖို့ အန္တရာယ်များတာမျိုး ရှိတယ်။

............................ "

## ရပ်ရွာလူထုအမြင်တွေ့ရှိချက်

ဒီအပိုင်းကတော့ analysis လုပ်နေဆဲဖြစ်လို့ အကျဉ်းချုပ်ပြီးပြောပါရစေ။ ရပ်ရွာလူထုထဲမှာတွေ့ကြရတာကတော့ များသောအားဖြင့် ရပ်ရွာအစည်းအဝေး (community meeting) တွေဆိုအမျိုးသားတွေက လယ်ယာထဲ သွားနေရတဲ့အတွက် အမျိုးသမီးတွေလာတာတော့မှန်တယ်။ ဒါပေမယ့် ဒါကို ကျွန်မတို့က အမျိုးသမီးတွေ ပါဝင်တယ်လို့ ပြောလို့မရဘူး။ သူတို့ရဲ့အသံတွေ မပါဘူးပေါ့နော်။ ဒါပေမယ့် လုပ်စရာရှိရင်တော့ အမျိုးသမီးတွေ ဝိုင်းလုပ်ပေးရတယ်ပေါ့နော်။ အမျိုးသမီးတွေပါဝင်တဲ့ အုပ်စုဆိုတာလည်း သပ်သပ်ရှိပါတယ်။ နိုင်ငံရေးအုပ်စုမဟုတ်ဘဲနဲ့ ဘာသာရေး၊ လူမှုရေးနဲ့ဆိုင်တဲ့ ဂရုနဲ့ မိခင်နဲ့ကလေးအုပ်စုတွေပဲ ပါဝင်တာများတယ်။

အမျိုးသမီးများ နိုင်ငံရေးမှာပါဝင်မှုနဲ့ပတ်သက်ပြီး ပထမပိုင်းတွေ့ရှိချက် ရီပို့လေးခုကို ဝေထားပါတယ်။ အဲဒီထဲမှာ သူတို့ကို ဘာတွေပြုလုပ်ဆောင်ရွက်သင့်တယ်ဆိုပြီး အချက် (၈) ချက် အကြံပြုထားပါတယ်။ အသေးစိတ်ကို EMReF ဝက်ဘ်ဆိုက်ဖြစ်တဲ့ www.emref.org မှာ ဒေါင်းလုပ်ရယူနိုင်ပါတယ်။ ဒုတိယပိုင်းတွေ့ရှိချက်ရီပို့ကတော့ အောက်တိုဘာဆို ထွက်ပါလိမ့်မယ်။

**ရွှေလေး**

# နိုင်ငံရေးပါတီများသည် ငြိမ်းချမ်းရေးရရှိရန် ကျား-မ တန်းတူညီမျှရေးအချက်အား အဓိကကျသည့်အချက်ဖြင့် ရှုမြင်ကြောင်း သုံးသပ်ချက်များကို မတွေ့ရှိရဟုဆို

ဩဂုတ် ၁၉၊ ၂၀၂၀




မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကဏ္ဍဆိုင်ရာ ဆွေးနွေးချက်များ ကနဦး သုံးသပ်ချက်စာတမ်းအား အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရှုထောင့်နှင့် ကျား-မ တန်းတူညီမျှရေး ရှုထောင့်များမှ သုံးသပ်ခြင်းစာတမ်းအရ နိုင်ငံရေးပါတီများ သည် ငြိမ်းချမ်းရေးရရှိရန် ကျား-မ တန်းတူ ညီမျှရေးအချက်အား အဓိကကျသည့် အချက်ဖြင့်ရှုမြင်ကြောင်း သုံးသပ်ချက်များ ကို မတွေ့ရှိရဘူးဟု သိရသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကဏ္ဍဆိုင်ရာ ဆွေးနွေးချက်များ ကနဦး သုံးသပ်ချက်စာတမ်းရှိ နိုင်ငံရေးပါတီများ အခန်းအား အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရှုထောင့် (WPS) နှင့် ကျား-မ တန်းတူညီမျှရေးရှုထောင့် (Gender Equality) ဖြင့် သုံးသပ်ချက်တွင် ယင်းသို့ဖော်ပြထား ခြင်းဖြစ်သည်။ နိုင်ငံရေးပါတီများအခန်းတွင် နိုင်ငံရေးပါတီများသည် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်တွင် အရေးပါသည့် ပေါင်းကူးပေးသူများ ဖြစ်သည်ဟု ဖော်ပြ ထားသည်။ ထို့ကြောင့် နိုင်ငံရေးပါတီများ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အမြင်ရှိမှုသည် အလွန်အရေးပါသော်လည်း ယင်းအခန်းတွင် နိုင်ငံရေးပါတီများ၏ နားလည် မှုရေချိန်ကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ ဟု စာတမ်းတွင် ရေးသားထားသည်။

နိုင်ငံရေးပါတီများ၏ မူဝါဒများ၊ ၎င်းတို့ ၏ ကျား-မရေးရာအပေါ် သဘောထားနှင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် နားလည်မှုအခြေအနေတို့ကို ထည့်သွင်း သုံးသပ်နိုင်ရန်အတွက် အချက် (၃) ချက်ကို စုစည်းဆန်းစစ်ရန် လိုအပ်သည်ဟု အကြံပြု ထားသည်။ ၎င်းတို့မှာ ၁) လုံခြုံရေးကဏ္ဍ တွင်ပါဝင်သော နိုင်ငံရေးပါတီအစုအဖွဲ့များ တွင် အမျိုးသမီးပါဝင်မှုရာခိုင်နှုန်း၊ ၂) နိုင်ငံရေး ပါတီအစုအဖွဲ့များ၏ ကျား-မ ရေးရာ တန်းတူ ညီမျှရေးအပေါ် သဘောထားအား ပါတီများ တွင် ဂျဲန်ဒါပေါ်လစီ ရှိ/မရှိ၊ လက်တွေ့ ကျင့်သုံးရာတွင် ကျား-မရေးရာ တန်းတူ ညီမျှရေး အလေးပေးသည့် လုပ်ငန်းစဉ်များ ပါဝင်မှု ရှိ/မရှိ၊ ၃) ပါတီများတင်သွင်းသည့် စာတမ်းများတွင် အမျိုးသမီး၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးရှုထောင့်ဖြစ်သည့် အမျိုးသမီး ပါဝင်မှု၊ နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်းကို တားဆီးကာကွယ်ခြင်းနှင့် အကြမ်းဖက်ခံရ သူများကို ဝန်ဆောင်မှုပေးခြင်းကိစ္စရပ်များ၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည် ထူထောင်ရေးတွင် အမျိုးသမီးရှုထောင့်မှ ထည့်သွင်းစဉ်းစားမှု အခြေအနေများ ပါဝင် ခြင်း ရှိ/မရှိစသည့်အချက်များ ဖြစ်သည်ဟု သိရသည်။

ယင်းစာတမ်းတွင် နိုင်ငံရေးပါတီများ အခန်းအပြင် သက်ဆိုင်ရာပါဝင်သော အဖွဲ့ အစည်းများအခန်း၊ သက်ဆိုင်ရာ ပါဝင်မှု အဖွဲ့အစည်းများအကြား ချိတ်ဆက်မှုနှင့် ဆက်ဆံရေးအခန်း၊ လုံခြုံရေးဆွေးနွေးမှု အတွင်း အကဲဆတ်သော အကြောင်းအရာ များအခန်းနှင့် လက်ရှိဆောင်ရွက်နေဆဲ လုံခြုံရေးဆွေးနွေးမှုများအပေါ် သုံးသပ်ချက် များအခန်း၊ ဖက်ဒရယ်လုပ်ပိုင်ခွင့်အာဏာ အတွင်း လုံခြုံရေးဆိုင်ရာ အဆိုပြုလွှာများ ကို နှိုင်းယှဉ်လေ့လာခြင်းအခန်း၊ သုတေသန ပြု အဖွဲ့အစည်းများနှင့် Thinks-Tanks အခန်း၊ နောက်ဆက်တွဲ အခန်း-က အဆိုပြု ချက် (၇၂) စောင်မှ ကောက်နုတ်ထားသည့် ဆွေးနွေးချက် ၃၇ ချက်အခန်းစသည်တို့ကို အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ရှုထောင့် (WPS) နှင့် ကျား-မ တန်းတူညီမျှ ရေးရှုထောင့် (Gender Equality) မှ သုံးသပ်ထားသည်။ ယင်းစာတမ်းကို ဩဂုတ် လ (၁၄) ရက်နေ့က MIPS က ထုတ်ဝေ ခဲ့သည်။

Source: https://mips-mm.org/

# “အမျိုးသမီးတွေက ကိုယ့်ခြေထောက် ရိုက်ချိုးခံရရုံတင်မကပဲ တန်းတူအခွင့်အရေးအတွက် ကလေးတွေကိုပါ ကျောပိုးပြီးတော့မှ ရွေးကောက်ပွဲဝင်ပြိုင်ရမယ့် အနေအထားလေးတွေရှိတယ်”

**စက်တင်ဘာ ၁၄၊ ၂၀၂၀**

ရှမ်းပြည်နယ်ရှိ အင်အားကြီးပါတီကြီးတစ်ခုဖြစ်သည့် ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီက ၂၀၂၀ရွေးကောက်ပွဲတွင် အမျိုးသမီး ၃၇ ရာခိုင်နှုန်း ပါဝင်ယှဉ်ပြိုင်မည်ဟု သိရသည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် SNLD ပါတီကိုယ်စားပြု၍ ကယားပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် တောင်ကြီးမြို့နယ် SNLD ပါတီဥက္ကဋ္ဌ ဒေါ်နန်းမြဦးက အမျိုးသမီးတစ်ဦးအနေနှင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့်အခါ ကြုံတွေ့ရသည့် အခက်အခဲများက သျှမ်းသံတော်ဆင့် (The SHAN Magazine) တွင် ယခုကဲ့သို့ ဖြေကြားထားသည်။

“အခက်အခဲကတော့ အများကြီးရှိတယ်။ ရွေးကောက်ပွဲ အာမခံကြေးတင်သွင်းတဲ့စရိတ် သုံးသိန်းရှိပါတယ်။ တချို့အမျိုးသမီး တွေဆို ဒီသုံးသိန်းကိုတောင်မှ တင်သွင်းဖို့ တော်တော်လေးကို အခက်အခဲဖြစ်နေတာပေါ့။ နောက်တစ်ချက်က လုံခြုံရေးနဲ့ပတ်သက် တဲ့ အစီအမံတွေက ကိုယ့်ကိုစိန်ခေါ်မှုဖြစ်စေတယ်။ ရွေးကောက်ပွဲ အတွက် စည်းရုံးရေးဆင်းတဲ့ကာလရောက်ရင် အမျိုးသမီးတစ်ယောက် အနေနဲ့ တစ်ဦးတည်းသွားဖို့က တချို့နေရာတွေ တော်တော်အခက်အခဲ ရှိတယ်။ အဲဒီအခါမှာ အဖော်တွေလိုပါတယ်။ ကိုယ်နဲ့အတူသွားတဲ့ အဖော်တွေရဲ့ ကုန်ကျစရိတ်ရှိပါမယ်။ နောက်တစ်ချက်က ဒီအလုပ် လုပ်ရင် အိမ်ကမိသားစုရဲ့တာဝန်ကနေ ရုန်းထွက်လာဖို့ဆိုတာလည်း



ဓာတ်ပုံ-The Shan Magazine

အမျိုးသားတွေနဲ့နည်းတူ လွယ်လင့်တကူ ထွက်လာလို့မရပါဘူး။ အိမ်ထောင့်တာဝန်၊ ကလေးတွေရဲ့တာဝန် ပိနေတာမျိုးတွေ အရင်က ကျွန်မတို့ပါတီက အတွင်းရေးမှူးတစ်ဦးက တိုင်းရင်းသားတွေရဲ့ တန်းတူ အခွင့်အရေးနဲ့ပတ်သက်ပြီး တစ်ခုပြောဖူးပါတယ်။ တိုင်းရင်းသား တွေရဲ့ ခြေထောက်ရိုက်ချိုးပြီးမှ အပြေးပြိုင်ခိုင်းရင် ဒါတရားတယ်လို့ မခေါ်ဘူးလို့ ပြောကြတယ်။ ဒါပေမဲ့ အဲဒီလိုပြန်ကြည့်ရင် ကျွန်မတို့ အမျိုးသမီးတွေက ကိုယ့်ခြေထောက် ရိုက်ချိုးခံရရုံတင်မကပဲ တန်းတူ အခွင့်အရေးအတွက် ကလေးတွေကိုပါ ကျောပိုးပြီးတော့မှ ရွေးကောက်ပွဲ ဝင်ပြိုင်ရမယ့် အနေအထားလေးတွေရှိတယ်။”

Source: The Shan Magazine

# နေပြည်တော်တွင် အမျိုးသမီးကိုယ်စားလှယ်လောင်း ခြောက်ဦးသာ ပါဝင်ယှဉ်ပြိုင်မည်

**ဩဂုတ် ၁၉၊ ၂၀၂၀**

နေပြည်တော်ကောင်စီနယ်မြေမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ အနက် အမျိုးသမီးကိုယ်စားလှယ်ခြောက်ဦး သာ ပါဝင်ယှဉ်ပြိုင်ရန် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံ တင်ပြထားသည်ဟု အဆိုပါအဖွဲ့ဝင် ဦးမိုးဇော်က ပြောသည်။

“ပြီးခဲ့တဲ့ ၂၀၁၅ အထွေထွေရွေးကောက် ပွဲတုန်းကထက်တော့ ဒီနှစ်ပိုများလာတယ်” ဟု ဦးမိုးဇော်ကပြောသည်။

နေပြည်တော်ကောင်စီ နယ်မြေတွင် အမျိုးသားနှင့် ပြည်သူ့လွှတ်တော်နေရာများ အတွက်က ကိုယ်စားလှယ်လောင်း ၇၆ ဦး လျှောက်ထားမှုကို စိစစ်ထားသည်။ ယခင် နှစ် အထွေထွေရွေးကောက်ပွဲထက် အမျိုးသမီး ဦးရေ များလာသော်လည်း စိုးရိမ်ရမည့် အခြေအနေဟု မယူဆကြောင်း လက်ရှိ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းက မှတ်ချက် ပြုသည်။

“မာမာချာချာရှိတဲ့လူမျိုးတွေ ပါစေချင် တာ”ဟု ဦးသန့်ဇင်ထွန်းက ပြောသည်။

ယင်းအတွက် အမျိုးသမီးပါဝင်မှု ၆ ရာခိုင်နှုန်းရှိပြီး ပါတီငါးခုမှ ခြောက်ဦးပါဝင် ယှဉ်ပြိုင်မည်ဖြစ်သည်။ အမျိုးသား ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (NUD) မှ ဒေါ်သက်သက်လှိုင်နှင့် ဒေါ်မြမျိုးသူဇာဝင်း၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) မှ ဒေါ်စုရည်ဖြိုးအောင်၊ ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီ (UBP) မှ ဒေါ်နော်မြသဲပွင့်၊ အခြေခံလူတန်းစားဘဝ မြင့်မားရေးပါတီ (YDP) မှ ဒေါ်စုမြတ်စန္ဒာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP) မှ ဒေါ်လှလှရီ(ခ) ဒေါ်ချိုချိုတို့ လျှောက်လွှာ တင်ထားသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ဇေယျာသီရိမြို့နယ်မှ ဒေါ်ခင်မျိုးသွင်သည် ဒီချုပ်ပါတီမှလည်းကောင်း၊ ကြံ့ခိုင်ရေးပါတီ မှ ဒေါ်ဝင်းဝင်းသီသည် ပျဉ်းမနားမှလည်း ကောင်း၊အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) မှ ဒေါ်စုရည်ဖြိုးအောင်သည် လယ်ဝေး မြို့နယ်မှလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင် ခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် နေပြည်တော် မှ အမျိုးသမီးကိုယ်စားလှယ်လောင်းသုံးဦး သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြ သည့် အမျိုးသမီးကိုယ်စားလှယ်သုံးဦးစလုံး အနိုင်မရရှိဘဲ ရှုံးနိမ့်ခဲ့သည်။

Credit: 7Day News


ဓာတ်ပုံ-https://en.wikipedia.org/wiki/Serena_Williams

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"အမျိုးသမီးတိုင်းရဲ့ အောင်မြင်မှုက အခြားသူတစ်ယောက်ကို လှုံ့ဆော်အားပေးမှုတစ်ခု ဖြစ်သင့်တယ်။ ကျွန်ုပ်တို့အချင်းချင်း အားပေးတဲ့အခါ ကျွန်ုပ်တို့က အသန်မာဆုံးပဲ။"

----- Serena Williams (American Professional tennis player)

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် မကြာမီ အတည်ပြုနိုင်တော့မည်ဖြစ်သည်ဟုဆို

**စက်တင်ဘာ ၁၀၊ ၂၀၂၀**

မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးထားသည့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Joint Communique)ကို အကောင်အထည်ဖော်ရန်အတွက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် (မူကြမ်း) ကိုလည်း ရေးဆွဲထားရှိပြီး မကြာမီ အတည်ပြုနိုင်တော့မည်ဖြစ်သည်ဟု သိရသည်။

စက်တင်ဘာလ (၇) ရက်နေ့က နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၂/၂၀၂၀) Virtual အစည်းအဝေးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးအောင်က ပြောကြားခဲ့ခြင်းဖြစ်သည်။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီနှင့် လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိသည့်အပြင် လုပ်ငန်းစီမံချက်(မူကြမ်း)ကိုလည်း ရေးဆွဲထားရှိပြီးမကြာမီအတည်ပြုနိုင်တော့မှာ ဖြစ်သည်ဟုဆိုသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ထိရောက်စွာ အရေးယူနိုင်ရန်နှင့် ဥပဒေကြောင်းအရ ကာကွယ်ပေးနိုင်ရေးအတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကို ရေးဆွဲထားရှိပြီး အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတွင် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


ဓာတ်ပုံ-Myanmar National Committee on Women Facebook

Source: https://www.facebook.com/MyanmarNational-CommitteeOnWomen/posts/773946420070633